# အမြင့်ပိုင်းတွင်အလုပ်လုပ်ခြင်း၊ လေးလံသောအရာဝတ္ထုများဖြင့်အလုပ်လုပ်ခြင်း

## (၁)ပြုတ်ကျခြင်းမှကာကွယ်သည့်ကိရိယာ(လုံခြုံရေးခါးပတ်)အသုံးပြုပုံ

### ခန္ဓာကိုယ်အပြည့်ကြိုးပါအမျိုးအစား(လုံခြုံရေးခါးပတ်) မှန်ကန်စွာဝတ်ဆင်ပ




(အထူးပညာရေး)

အမြင့်၂မီတာအထက်အန္တရာယ်ရှိသောနေရာများတွင်ကြိုးအပြည့်ပါလုံခြုံရေးခါးပတ်အသုံးပြု၍အလုပ်လုပ်မည့်သူသည်ငင်းလုပ်ငန်းနှင့်ဆိုင်သောအထူးပညာရေးလေ့ကျင့်မှု(စာတွေ့၄နာရီခွဲ၊လက်တွေ့၁နာရီခွဲ)ကိုမဖြစ်မနေသင်ယူရမည်။

## (၂)ကာကွယ်ရေးဦးထုပ်တပ်ဆင်ခြင်း




၁။ အမြင့်လုပ်ငန်းလုပ်ဆောင်ဆင်တပ်ဆင်သောလုံခြုံရေးဦးထုပ်အတွင်းပိုင်းတွင်ထိတ်လန့်မှုအက်ကွဲမှုကိုစုပ်ယူသောအလွှာတစ်ခုပါရှိသည်။

၂။ လုံခြုံရေးဦးထုပ်သည်ခေါင်းအနောက်ဖက်ရှိအရှည်ညှိခြင်းကိုအသုံးပြုပြီး၊မေးသိုင်းကြိုးကိုသေချာကျပ်ကာအလုပ်လုပ်စဉ်တုန်လှုပ်မှုမရှိစေရန်လုပ်ဆောင်ပါ။

## (၃)တိုင်ပေါ်တွင်အလုပ်လုပ်ခြင်း




### လိုက်နာရန်အချက်

၁။ ကြိုးမပါပဲလုံးဝမတက်ရ

၂။ ဆင်းသက်စဉ်အန္တရာယ်ကင်းဘလော့ခ်စသည့်ပြုတ်ကျခြင်းမှကာကွယ်သည့်ကိရိယာများကိုအသုံးပြုပါ။

၃။ လုံခြုံရေးကြိုးမှချိတ်ကိုDကြိုးနှင့်တပ်ဆင်စဉ်အသံမျက်လုံးတို့ဖြင့်သေချာအံကျခြင်းရှိမရှိစစ်ဆေးပါ။

## (၄)အစွန်ပိုင်းနေရာအလုပ်




### လိုက်နာရန်အချက်

၁။ အမြင့်အနက်၁မီတာခွဲကိုကျော်လွန်ပါကလုံခြုံရေးကိရိယာများအသုံးပြုရန်

၂။ ပြုတ်ကျနိုင်သည့်အန္တရာယ်ရှိသည့်နေရာမျိုးတွင်ပြုတ်ကျခြင်းတားဆီးကိရိယာကိုအသုံးပြုပါ။

၃။ လှေကားကိုမြေပြင်ညီသောနေရာတွင်တပ်ဆင်ပါ။

၄။ လှေကားထိပ်ပိုင်းကို၆၀စင်တီမီတာအကျော်ထုတ်၍အသုံးပြုပါ။

၅။ လှေကားအကျယ်သည်၃၀စင်တီမီတာအကျော်ရှိရမည်။ခြေနင်းနှင့်ကြားနေရာများတွင်ခြေချော်တတ်သည်။

၆။ လှေကားထောင်စဉ်အစောင်းသည်၇၅ဒီဂရီရှိရမည်။

၇။ လှေကားတက်စဉ်လှေကားအားနောက်လူတစ်ယောက်မှထိန်းပေးပါ။

၈။ လှေကားပေါ်တွင်တန်ပြန်သက်ရောက်တတ်သောအလုပ်များမလုပ်ရ။အောက်ခြေတွင်ချော်မထွက်စေရန်ထိန်းသည့်အထိန်းတပ်ဆင်ထားခြင်းရှိမရှိစစ်ဆေးပါ။

၉။ ပစ္စည်းများကိုင်ဆောင်လျက်လှေကားမတက်ရ။

# (၅)ငြမ်းပေါ်မှလုပ်ငန်း




## လိုက်နာရန်အချက်

၁။ ငြမ်းနှင့်အဆောက်အဦးကြားဖြတ်လျှောက်လမ်းထားပါ။

၂။ ငြမ်းပေါ်တွင်ပစ္စည်းများမထားရ

၃။ အဆုံးတွင်အတားအဆီးတပ်ဆင်ပါ။

၄။ ဒေါက်လိုက်ပိုက်ကွန်တပ်ဆင်ပါ။

၅။ ခံနိုင်ဝန်အားခန်းပွင့်တစ်ခုအတွက်၄၀၀ကီလိုဂရမ်အောက်ထားရှိပါ။

၆။ အလုပ်ကြမ်းပြင်အား၄၀စင်တီမီတာအထက်၊ကြားအကွာအဝေး၃စင်တီမီတာအောက်ထားရှိပါ။

၇။ ကြမ်းပြင်နှင့်မြေကြီးကြားအကွာအဝေး၁၂စင်တီမီတာအတွင်းထားရှိပါ။

၈။ ငြမ်းပေါ်တွင်ပြုတ်ကျခြင်းတားဆီးကိရိယာ(လုံခြုံရေးခါးပတ်အသုံးပြုပါ။

## (၆)တိုင်ဆောက်ခြင်း။ ကရိန်းမောင်းနှင်ခြင်းဆိုင်ရာအရည်အချင်း

တိုင်လုပ်ငန်းအတွက်အသုံးပြုသောတူးဖော်ခြင်းယာဉ်မောင်းနှင်ရန်ဆောက်လုပ်ရေးဆိုင်ရာစက်ပစ္စည်းမောင်းနှင်ခြင်းလက်မှတ်၊ရွေ့လျားကရိန်းမောင်းနှင်ခြင်းလက်မှတ်လိုအပ်သည်။ထို့အပြင်လောက်လွှဲလုပ်ငန်းတွင်လည်းလောက်လွှဲမောင်းနှင်ခြင်းလက်မှတ်လိုအပ်သည်။

| အလုပ်အကြောင်းအရာ | ယာဉ်အလေးချိန် | လိုအပ်သောအရည်အချင်း |
|---|---|---|
| ဆောက်လုပ်ရေးလုပ်ငန်းသုံးမော်တော်ယာဉ်မောင်းနှင်မှု | ၃တန်အထက်ဆောက်လုပ်ရေးဆိုင်ရာယာဉ်<br>(သိပ်သည်းစက်၊ကွန်ကရစ်လောင်းစက်စသည်) | ဆောက်လုပ်ရေးလုပ်ငန်းသုံးမော်တော်ယာဉ်မောင်းနှင်မှုကျွမ်းကျင်မှုသင်တန်း |
| | သိပ်သည်းစက်၊ကွန်ကရစ်လောင်းစက်စသည့်၃တန်အထက်ဆောက်လုပ်ရေးသုံးယာဉ် | ဆောက်လုပ်ရေးလုပ်ငန်းသုံးမော်တော်ယာဉ်မောင်းနှင်မှုကျွမ်းကျင်မှုသင်တန်း |

| အလုပ်အကြောင်းအရာ | ဝန်အလေးချိန် | လိုအပ်သောအရည်အချင်း |
|---|---|---|
| ရွှေ့လျားကရိန်းမောင်းနှင်ခြင်း | ၅တန်အထက်ဝန် | ရွှေ့လျားကရိန်းမောင်းနှင်လက်မှတ် |
| | ၁တန်မှ၅တန်ကြားဝန် | အသေးစားကရိန်းမောင်းနှင်ခြင်းကျွမ်းကျင်သင်တန်း |
| လောက်လွှဲကရိန်း | ၁တန်အထက်ဝန် | လောက်လွှဲကျွမ်းကျင်သင်တန်း |
| | ၀.၅တန်မှ၁တန်ကြားဝန် | လောက်လွှဲနှင့်ဆိုင်သောအထူးပညာရေး |

※ဝန်တင်ခြင်းဆိုသည်မှာလေးလံသောဝန်မတင်ခြင်းကိုမဆိုလိုပဲ၊ရွေ့လျားကရိန်းဖြင့်ဝန်မတင်ခြင်းကိုဆိုလိုသည်။

## (၇)လေးလံသောအရာအတင်အချလုပ်ခြင်း



**လိုက်နာရန်အချက်**

၁။ အလုပ်ခွင်အတွင်းဝင်ရောက်ခြင်းတားမြစ်သည်။

၂။ ဝန်မှအဝေးသို့သွားမည်ဆိုပါကစက်ကိုပိတ်၍အခြေအနေစစ်ပြီးမှသွားပါ။

၃။ ဝန်အောက်သို့မဝင်ရ။

၄။ ရှည်ထုတ်ထားသောအပိုင်းပေါ်သို့မတက်ရ

## (၈) ဘေးကင်းလုံခြုံမောင်းနှင်မှု၏အခြေခံအသိပညာ

၁။ ဦးထုပ်နှင့်လုံခြုံရေးကရိယာများ၊အဝတ်အစားများဝတ်ဆင်၍မောင်းနှင်ပါ။

၂။ ယာဉ်မောင်းသူသည်မောင်းနှင်ခွင့်အထောက်အထားများကိုကိုင်ဆောင်၍မောင်းနှင်ပါ။

၃။ ယာဉ်မမောင်းခင်ဘရိတ်၊ကလပ်များကိုသတ်မှတ်ထားသောနှုန်းအတိုင်းလိုက်နာ၍ပုံမှန်မဟုတ်သောအခြေအနေရှိမရှိစစ်ဆေးပါ။

၄။ ယာဉ်မောင်းသူမှလွဲ၍မည်သူကိုမဆိုယာဉ်မောင်း၏ထိုင်ခုံသို့မဟုတ်အခြားနေရာများသို့မတက်ရ။

၅။ ယာဉ်ပေါ်တက်ရန်ယာဉ်တွင်ပါရှိသောချဉ်းကပ်လမ်း၊လက်ကိုင်တန်းများကိုင်ရတက်ပါ။

၆။ ယာဉ်အားအမြဲတစေသန့်စင်၍ဆီပေသောလက်ဖြင့်လီဗာစသည်တို့ကိုမကိုင်ရ။

၇။ ယာဉ်မောင်းသည်စက်ဖွင့်လျက်ယာဉ်အားပစ်ပြီးတခြားနေရာသွားခြင်းမပြုရ။




၈။ အလုပ်လုပ်ရပ်နားခြင်း(သို့)အလုပ်ပြီးချိန်တွင်တပ်ဆင်ထားသည်များကိုမြေပြင်ပေါ်သို့ချ၍အင်ဂျင်စက်သတ်၊ဘရိတ်နင်းပြီးသော့ဖယ်ကာသတ်မှတ်နေရာတွင်သိမ်းဆည်းပါ။

